
စိတ်ကူးချိုချိုအနုပညာ

# ဖိုးဖိုးဖြိဖြိ ပြုံးစိစိ

## ဟာသပုံပြင်များ

မောင်ကြော့ဝေ



ဒုတိယအကြိမ်

mgyoe.com



# ဖုံးဖုံးဖိဖိ ပြုံးစိစိ

ဟာသပုံပြင်များ

မောင်ကြော့ဝေ

ISBN 9789997116468
NF78
9 789997 116468
900.00 KS

mgyoe.com

ဖိုးဖုံးဖိဖိ ပြုံးစိစိ၊ မောင်ကြောဝေ
မျက်နှာဖုံးပန်းချီ - ဗိုသံ
စာမျက်နှာ ၉၆ မျက်နှာ၊ ၁၆ စင်တီ x ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ ပန်းဝေဝေစာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၉ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဖုံးဖုံးဖိဖိ ပြုံးစိစိ

မောင်ကြော့ဝေ

ဒုတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ တောင်စမုခ်က ထောင်ထုပ် ၁
၂။ တစ်ကောင်ဝင်တစ်ကောင်ထွက် ၅
၃။ ယောအတွင်းဝန်၏ ပရိယာယ် ၈
၄။ သူ့ထက်သူလူစွမ်းကောင်း ၁၁
၅။ ဘုရင့်ယောက်ဖဖြတ်ထုံး ၁၄
၆။ မေတ္တာစစ် မေတ္တာမှန် ၁၇
၇။ အကြိုက်မတွေ့သေးလို့ပါ ၂၀
၈။ ကဗျာစပ်တာများ ခက်လွန်လွန်းလို့ ၂၂
၉။ လာပြီကွဲ့လူမိုက် ၂၅
၁၀။ အသေတောင်နည်းသေး ၂၈
၁၁။ မရှောင့်ရဲနိုင်သော လူ့လောဘ ၃၁
၁၂။ ခဝါသည်နှင့် အိုးထိန်းသည် ၃၄
၁၃။ ဉာဏ်ကောင်းသော အမတ်ကတော် ၃၇
၁၄။ မင်းမစဉ်းစားရင် ငါပဲ စဉ်းစားတော့မယ်ကွာ ၄၀


mgyoe.com

mgyoe.com


၁၅။ စကားတစ်လုံးမှား၍

- သျှောင်တစ်လုံး ဆုံးရသော အမတ်ကြီး ၄၃

၁၆။ နီးတိုင်းမသိ ၄၆

၁၇။ မကြားဖူးသောစကား ၄၈

၁၈။ ဝန်ကြီးလေးပါး ဖြစ်ပေါ်လာပုံ ၅၁

၁၉။ မိန်းမများ၏ အဖိုးအတန်ဆုံးသော ပစ္စည်း ၅၄

၂၀။ လူမလိုက နတ်မလို ၅၇

၂၁။ ခရေစေ့တွင်းကျ ၆၀

၂၂။ ဝန်ကိုရှိသေပါ ၆၃

၂၃။ ကျားစားခံရသော ပုရောဟိတ်ပုဏ္ဏား ၆၅

၂၄။ ဆင်နင်း၍ သေသော်လည်း ၆၈

၂၅။ မေတ္တာတန်ခိုး ၇၁

၂၆။ ဘဝမေ့ရောဂါကုထုံး ၇၄

၂၇။ သေချင်ရင်စိန်မစားနှင့် ဘီလူးဆီသွား ၇၇

၂၈။ ငြိမ်ငြိမ်လေးနေပါ ၈၀

၂၉။ ပညတ်သွားရာ ဓာတ်သက်ပါ ၈၅

၃၀။ လက်တွေ့သမား ၈၉

၃၁။ အောင့်မရသော ဝသီဆိုး ၉၁

၃၂။ တရားနတ်မစောင့် ၉၄


❐

mgyoe.com

mgyoe.com


## (၁)
# တောင်စမုန်က ထောင်ထုပ်

ရှေးအခါက ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာသင်ကြားလာကြသော မင်းညီမင်းသားများအနက် သူဆင်းရဲသားတစ်ယောက်လည်း ပါခဲ့လေ၏။

တပည့်များသည် ပညာကိုယ်စီ တတ်မြောက်သောအခါ မိမိနေရပ်ဒေသသို့ ပြန်ကြရန် ဆရာကြီးအား ဂါရဝပြု ကန်တော့ကြသည်။ ဆရာကြီးကလည်း တပည့်များအားလုံးကို တစ်ယောက်ချင်း ဆုံးမဩဝါဒစကားဆိုခဲ့ရာ နောက်ဆုံး သူဆင်းရဲသားအလှည့်သို့ ရောက်ခဲ့သည်။

သူဆင်းရဲသားကလေးကလည်း မိမိကို ဆရာကြီးသည် မည်သို့သော ဆုံးမစကားပြောလေမည်နည်းဟု ရိုကျိုးစွာ နားစွင့်နေခဲ့၏။ သို့ရာတွင် ဆရာကြီးသည် တခြားသော တပည့်များနှင့်မတူ၊ ထွေထွေထူးထူး ဆုံးမစကား မဆိုတော့ဘဲ . . .

mgyoe.com

mgyoe.com


"ငါ့တပည့်က ဆင်းရဲသားဆိုတော့ ဒီဓားကလေးကိုသာ ယူသွားပေတော့"

ဟုသာ စကားကို တိုတိုပြတ်ပြတ် ပြော၍ ဓားကလေးတစ်ချောင်းကိုသာ ပေးခဲ့လေသည်။ သူဆင်းရဲသားလည်း မိမိမျှော်လင့်ခဲ့သလို ဩဝါဒဆုံးမစကား မကြားနာခဲ့ရသဖြင့် စိတ်ပျက်စွာ ဆရာ့ထံပါးမှ မိမိနေရပ်သို့ထွက်ခွာလာခဲ့၏။ လမ်းခရီးတွင် မိုးချုပ်လာသဖြင့် တောစပ်အနီးရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ခရီးမဆက်တော့ဘဲ အိပ်စက်အနားယူရန် ဆုံးဖြတ်ခဲ့လေသည်။ သစ်ပင်ကြီး၏အမြစ်ကို ခေါင်းပြု၍ ဆရာကြီးသည် မိမိအား တခြားတပည့်များကဲ့သို့ မဟုတ်ဘဲ မည်သည့်အတွက် ဓားတစ်လက်ကို ပေးလိုက်ရသနည်းဟု စဉ်းစားရင်း ဓားကလေးကို စိတ်တိုစွာ သစ်ပင်အနီးရှိ ချုံပုတ်အတွင်း ပစ်လိုက်ကာ ခရီးပန်းခဲ့သဖြင့် ခဏနှင့်အိပ်ပျော်သွားလေတော့၏။

နံနက်မိုးသောက် အလင်းရောက်လာမှ နိုးထကာ ခရီးဆက်ရန် ဟန်ပြင်ရင်းမှာ ညဦးက မိမိလွှင့်ပစ်ခဲ့သော ဓားကလေးကို သတိပြန်ရခဲ့သည်။ ဆရာကြီးသည် ဓားကလေးကို အကြောင်းမဲ့တော့ မိမိကို မပေးတန်ရာဟု တွေးမိရင်း ရှာဖွေခဲ့သည်။ ဓားကလေးသည် မှိုပွင့်တွင် စိုက်နေခြင်းအား တွေ့ရ၍ မှိုပွင့်ကိုပါ နုတ်ပြီး နမ်းကြည့်ခဲ့ရာ မိမိ၏နှာခေါင်းမှာ ရှည်ထွက်လာသဖြင့် ကြောက်လန့်တကြား ဓားကလေးကို လွှင့်ပစ်ခဲ့ပြန်သည်။ ဓားကလေးကလည်း မှိုတစ်ပွင့်ကိုပင် သွားစိုက်နေပြန်၏။

"အံမာ. . . .ဒီဓားက မှိုပွင့်ကိုမှပဲ ထပ်စိုက်ရပြန်တယ်။ ဒီလောက်တောင် မှိုပွင့်ကြိုက်တဲ့ ဓား . . . လာစမ်း"

နှာခေါင်းရှည်ထွက်လာ၍ စိတ်ပျက်ရသည့်ကြား မိမိဓားကလေးက မှိုတစ်ပွင့်ကို ထပ်မံစိုက်နေခဲ့ပြန်သဖြင့် စိတ်ဆိုးမာန်ဆိုးနှင့် မှိုပွင့်တွင်

mgyoe.com

mgyoe.com


စိုက်နေခဲ့သော ဓားကလေးရော၊ မှို့ပွင့်ကိုပါ နုတ်၍ "ကဲ . . . နှာခေါင်းရှည်အောင်လုပ်တဲ့ မှိုပွင့် ငါ့နှာခေါင်းရှည်ချင်သလောက် ရှည်စမ်း ဟ" ဟု ပြောရင်း မှိုပွင့်ကို ဒေါသတကြီး နမ်းလိုက်ပြန်သည်။ ထိုအခါ ရှည်နေသော နှာခေါင်းမှာ မူလပကတိအတိုင်း ပြန်ဖြစ်သွားလေတော့၏ ။

ထိုသို့ မှိုနှစ်ပွင့်၏ထူးခြားမှုအား တအံ့တသြဖြစ်လျက် မှိုနှစ်ပွင့်စလုံးကိုယူပြီး မိဘရပ်ထံ ခရီးဆက်ခဲ့ပါသည်။

မိမိနေထိုင်ရာ အရပ်ဒေသသို့ရောက်ပြီးသည်အချိန်မှစ၍ မှိုနှစ်ပွင့်ကို အရင်းပြု၍ မိမိ၏မိသားစုဆင်းရဲမှုကို ပြောင်းလဲရန်သာ တွေးတောနေခဲ့မိသည်။

ဤသို့ဖြင့် အကြံဉာဏ်တစ်ခု တိုးလာခဲ့သည်။ မိမိရရှိလာသောအကြံကို လက်တွေ့အသုံးချရန်မှာ လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်စွာပြုလုပ်ရပေမည်။ ထိုကြောင့် လူသူအိပ်မောကျနေသော ညဉ့်အချိန်ကို ရွေးချယ်လျက် ဘုရင့်သမီးတော်၏ပန်းခြံထဲသို့ တိတ်တဆိတ်ခိုးဝင်ခဲ့သည်။ ပြီးလျှင် မိမိတောထဲမှ ယူလာခဲ့သော ပထမမှိုတစ်ပွင့်ကို အမှုန့်ပြုလုပ်၍ ပန်းပွင့်များပေါ်သို့ ပက်ဖျန်းခဲ့သည်။

မကြာမီရက်အတွင်းမှာပင် သူဆင်းရဲလေး မျှော်လင့်ခဲ့သလို မင်းမိန့်ဖြင့် "နှာခေါင်းရှည်သူကို ပကတိ နှာခေါင်းဖြစ်အောင် ပြုလုပ်ပေးနိုင်သူအား တောင်စမုခ်က ထောင်ထုပ်ပေးသနားမည်" ဟု မြို့တွင်းလှည့်လည်မောင်းခတ် ကြေညာသံကို ကြားရလေတော့သည်။

ထိုအခါ သူဆင်းရဲသားက မောင်းခတ်သော အမတ်ကြီးထံသို့သွား၍ "ဘုရားကျွန်တော်မျိုး တတ်နိုင်ပါသည်ဘုရား" ဟု လျှောက်ထားလေသည်။ အမတ်ကြီးက "ကိုင်း . . . ဒီလိုဆို ငါ့နောက်လိုက်ခဲ့" ဟု နန်းတော်ထဲသို့ခေါ်သွားခဲ့သည်။ ဘုရင့်သမီးတော်နှင့်တကွ ရံရွေတော်

mgyoe.com

mgyoe.com


များကို တွေ့ရသောအခါ အားလုံးနှာခေါင်းရှည်ကြီးများ ဖြစ်နေခဲ့ကြသည်။

သူဆင်းရဲသားလည်း သူ၏အကြံအစည်အတိုင်း အထမြောက်ခဲ့ပြီမို့ မသိယောင်ပြုကာ ဖြစ်ကြောင်းကုန်စင် မေးမြန်းခဲ့ပေသည်။ ဘုရင့်သမီးတော်ကလည်း သူနှင့်ရံရွေတော်များ ပန်းခြံထဲအပန်းဖြေရင်း ပန်းကလေးများကို ပန်ဆင်ရန် ဆွတ်ခူးကာ နမ်းရှုပ်မိခဲ့ရာမှာ နှာခေါင်းများရှည်ထွက်လာခဲ့ကြောင်း ရှက်ရွံ့စွာ ဖြေကြားခဲ့ကြလေသည်။ သူဆင်းရဲသားလည်း မည်သို့မျှ မစိုးရိမ်ကြရန်နှင့် သူကုသသော ဆေးနည်းဖြင့် ပျောက်စေရမည်ဟု အာမခံ ကုသခဲ့သည်။ သူ၏ကုသပုံကား သူဆောင်ယူလာခဲ့သော ဒုတိယမှိုပွင့်ကို နှာခေါင်းရှည်နေကြသည့် သမီးတော်နှင့် ရံရွေတော်တို့အား နမ်းရှုပ်စေခဲ့သည်။ ထိုအခါ သမီးတော်နှင့် ရံရွေတော်တို့၏နှာခေါင်းရှည်မှာ မူလအတိုင်း ပကတိနှာခေါင်း ပြန်ဖြစ်သွားခဲ့သည်။

ထိုသို့ ပကတိနှာခေါင်းပြန်ဖြစ်သည်ကို ဘုရင်မင်းကြီး သိသောအခါ အားရရွှင်လန်းတော်မူခဲ့သည်။ ဘုရင်ကြီးသည် သူဆင်းရဲသားကို သူ့ကတိအတိုင်း တောင်စမုန်က ထောင်ထုပ်ပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် မင်းမှုထမ်းအရာကိုပါ ခန့်ထားခဲ့လေတော့၏။

❐

mgyoe.com

mgyoe.com


# (၂)
# တစ်ကောင်ဝင်တစ်ကောင်ထွက်

တိုင်းပြည်တစ်ပြည်ရှိ ဘုရင်တစ်ပါးသည် ပုံပြင်များကို အထူး ဝါသနာပါ နှစ်သက်ခဲ့၏။

ထို့ကြောင့် တိုင်းသူပြည်သားများထံမှ ပုံပြင်များကို မကြာခဏ နားထောင်လေ့ရှိသည်။ သို့ရာတွင် ပြည်သူပြည်သားများပြောသော ပုံပြင် တို့သည် တိုတောင်းလှသောကြောင့် ကျေနပ်အားရနှစ်သက်ခြင်း မဖြစ်ခဲ့ ပေ။ တစ်နေ့သောအခါ မှူးမတ်များကို ခေါ်ယူပြီး ပုံပြင်ရှည်ရှည် ပြောနိုင် သောသူအား ဆုတော်ငွေ အသပြာတစ်ထောင်ပေးသနားမည်ဖြစ်ကြောင်း မောင်းကြေးနင်းလည်ခတ်စေဟု အမိန့်ထုတ်လိုက်လေသည်။

မှူးမတ်များကလည်း ဘုရင်ကြီး အမိန့်ထုတ်သည့်အတိုင်း မောင်း ကြေးနင်းလည်ခတ်ခဲ့ကြသည်။ လမ်းမတစ်နေရာသို့ရောက်လျှင် ဆင်းရဲသားတစ်ဦး မြေကြီးတွင် ဒူးတုပ်လျက် လက်အုပ်ချီနေခြင်းကို

mgyoe.com

mgyoe.com


မြင်တွေ့ခဲ့ကြလေသည်။ ထို့ကြောင့် အကြောင်းတစ်စုံတစ်ရာ လျှောက်ကြားရန်ဖြစ်မည်ဟု ဆင်းရဲသားရှေ့တွင် ရပ်တန့်လိုက်ကြရင်း မေးမြန်းခဲ့ပေ၏။

"မောင်မင်း . . . ဘာအကြောင်းများ လျှောက်ထားလိုသနည်း"

"ကျွန်တော်မျိုး ပုံပြင်ရှည်ရှည်ပြောတတ်ကြောင်း လျှောက်ထားပါသည် ဝန်မင်းဘုရား"

"မှန်ပါ . . . အရှည်တကာ့ အရှည်ဆုံးပုံပြင်ကို ကျွန်တော်မျိုးပြောနိုင်ကြောင်းပါ"

"ဟန်ကျလိုက်လေ . . . ဒါဆို မောင်မင်း ငါတို့နဲ့ တစ်ပါတည်းသာ လိုက်ခဲ့ပေတော့"

ဤသို့ဖြင့် ဆင်းရဲသားလည်း မှူးမတ်တို့နှင့်အတူ ဘုရင့်ရှေ့မှောက်ခစားဝင်ရောက်ခဲ့ရလေသည်။ ဘုရင်မင်းကြီးလည်း အားရဝမ်းသာဖြစ်လျက် ဆင်းရဲသားကို ပုံပြင်တစ်ပုဒ်စတင်ပြောရန် အမိန့်ပေးလိုက်တော့သည်။ ဆင်းရဲသားကလည်း အရှင်မင်းကြီးအား မပြီးဆုံးသော ပုံပြင်တစ်ပုဒ်ကို ရွေးထုတ်ပြောဆိုမည့်ဟန်နှင့် အသံကို မြှင့်ကာ ပုံပြင်စတင်လိုက်လေ၏။

"ဟိုး ရှေးရှေးတုန်းက တိုင်းပြည်နှစ်ပြည်ရှိပါသတဲ့၊ တိုင်းပြည်တစ်ခုမှာ ပုရွက်ဆိတ်များသည် မိမိတို့မိုးတွင်း အစားအစာ ဖူလုံရန်အတွက် အခြားတိုင်းပြည်တစ်ပြည်သို့ အစာရှာထွက်ကြရာ အခန့်သင့်ပင်စပါးကျီ သုံးကျီကို တွေ့သွားကြလေသတဲ့၊ ဒါကြောင့် စပါးများကိုတစ်ကောင်တစ်လုံးကျစီချီပြီး တစ်ကောင်ဝင် တစ်ကောင်ထွက်၊ တစ်ကောင်ဝင် တစ်ကောင်ထွက်၊ တစ်ကောင်ဝင် တစ်ကောင်ထွက် . . ."

ဆင်းရဲသား၏ မပြီးဆုံးနိုင်သော ပုံပြင်ရှည်မှာ တစ်ကောင်ဝင်တစ်ကောင်ထွက်ဟုသာ ဆက်ပြောနေခဲ့ရာ ဘုရင်ကြီးသည် အချိန်သာ

mgyoe.com

mgyoe.com


ကုန်၊ လူလည်း ညောင်းညာစပြုလာခဲ့ပြီဖြစ်ရကား စိတ်မရှည်စွာ မေးလိုက်တော့၏။

"မောင်မင်းရဲ့ ပုံပြင်က မပြီးဆုံးသေးဘူးလား"

"အရှင်ဘုရား အခုမှ စပါးကျီတစ်ကျီတောင် မကုန်သေးကြောင်းပါ၊ နောက် စပါးကျီကြီး နှစ်ကျီ ကျန်ရှိပါသေးတယ်"

ဟု ဆင်းရဲသားက ပြန်၍ လျှောက်ထားရင်း သူ၏မပြီးဆုံးနိုင်သော ပုံပြင်ကို "တစ်ကောင်ဝင် တစ်ကောင်ထွက်"ဟု ဆက်လက်ရွတ်ဆိုနေသဖြင့် မင်းကြီးလည်း အမျက်ဒေါသ ထွက်လာကာ . . .

"အသင်ရွာသား. . . . မောင်မင်းရဲ့ ပုံပြင်လည်း ဆက်မပြောပါနဲ့တော့၊ ရပ်စေ. . . .၊ ရော့ ဒီအသပြာတစ်ထောင်ကိုပဲ ယူ၍ပြန်ပါတော့"

ဟု ပြောကာ ပြန်လွှတ်လိုက်ရလေတော့သတည်း။

❒

mgyoe.com

mgyoe.com


# (၃)
# ယောအတွင်းဝန်၏ ပရိယာယ်

ရတနာပုံ မန္တလေးနေပြည်တော်ကို ပထမတည်ထောင်ခဲ့သော ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် သာသနာပိုင် တင်မြှောက်ရန်ကိစ္စအတွက် ယောအတွင်းဝန် ဦးဘိုးလှိုင်ကို ခေါ်ယူ အကြံဉာဏ်တောင်းခဲ့လေ၏။

"သာသနာပိုင် တင်မြှောက်ရန်အတွက် စိုးရိမ်တော်မမူပါနှင့် ဘုရား၊ မည်သည့်ပုဂ္ဂိုလ်မျိုးကို တင်မြှောက်ထိုက်ကြောင်း ကျွန်တော် မျိုး ဘိုးလှိုင် ရွေးချယ်ပါမည်။ ကျွန်တော်မျိုး အကြံပေးသည့်အတိုင်းသာ စီမံဆောင်ရွက်တော်မူပါ ဘုရား"

ဟု ယောအတွင်းဝန် ဦးဘိုးလှိုင်က မင်းတုန်းမင်းကြီးအား လျှောက်ထားပြီးလျှင် သူ၏အကြံဉာဏ်တို့ကို စီကာပတ်ကုံး လျှို့ဝှက်စွာ ရှင်းလင်းလျှောက်တင်ခဲ့လေသည်။ မင်းတုန်းမင်းကြီးလည်း သဘောကျ

mgyoe.com

mgyoe.com


နှစ်ခြိုက်စွာ လက်ခံတော်မူခဲ့၏။

တစ်နေ့သောအခါ မင်းတုန်းကြီးမင်းသည် ယောအတွင်းဝန် ဦးဘိုးလှိုင်၏အကြံပေးချက်အရ မြို့တော်လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် အားလုံးကို နန်းတော်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်တော်မူလေသည်။

ဆရာတော်များ ဆွမ်းဘုဉ်းပေးပြီးလျှင် မင်းတုန်းမင်းတရားကြီးက ယောအတွင်းဝန် ဦးဘိုးလှိုင်ကို စတင်စကားမိန့်ဆိုခဲ့သည်။

"ဟဲ့ . . . ဘိုးလှိုင်၊ ခုလိုအချိန်မျိုးဟာ လွန်စွာမှ ကြုံကြိုက်ခဲတဲ့ အခါရက်မြတ်ဖြစ်တယ်။ ဆရာတော်၊ သံဃာတော်များ စုံလင်နေတုန်း စာပေပရိယတ်၊ ပဋိပတ်အရာနဲ့ ပတ်သက်လို့ မရှင်းမလင်းမှုများ ရှိခဲ့ရင် လျှောက်ထားပါလား"

ထိုအခါ ယောအတွင်းဝန် ဦးဘိုးလှိုင်က မင်းတုန်းမင်းကြီးကို လက်အုပ်ချီ၍ ပြန်လည်လျှောက်ကြားသည်မှာ

"မှန်လှပါ၊ စာပေပရိယတ်နဲ့ ပတ်သက်လို့ လျှောက်ထားရန် မရှိကြောင်းပါ၊ ဆရာတော်များကလည်း စာပုလွေခင်း၍ ဆရာ့ထံသင်ခဲ့ကြရသလို ကျွန်တော်မျိုးဘိုးလှိုင်ကလည်း ဆရာတော်များလိုပင် စာပုလွေခင်း၍ ဆရာ့ထံမှ သင်ယူခဲ့ရသဖြင့် အတူတူချင်းဖြစ်တဲ့အတွက် လျှောက်ထားမေးမြန်းသော်လည်း အကြောင်းထူးလှမည် မဟုတ်ပါဘုရား"

ယောအတွင်းဝန် ဦးဘိုးလှိုင်၏ လျှောက်တင်ချက်သည် ဆရာတော်၊ သံဃာတော်များကို ထိပါးစော်ကားရာရောက်သဖြင့် ဆရာတော်တစ်ပါးက သံဃာ့အလယ်မှ ရုတ်ခြည်းထ၍ ဒေါမာန်ပါပါနှင့် စိန်ခေါ်စကားမိန့်ဆိုခဲ့တော့၏။

"အောင်မာ . . . ထဘီစုတ်ကြားက နတ်စကားပြောလိုက်လေ

mgyoe.com

mgyoe.com


ဘိုးလှိုင်ရယ်၊ ကဲ . . . ဘာမှမပြောနဲ့၊ အခုရှိတဲ့ ပိဋကတ်သုံးပုံကို အကုန် မီးရှို့ပစ်လိုက်၊ အသစ်ပြန်ပြီးရေးကြမယ်၊ သဝေထိုးတစ်လုံးမှ မမှားစေရဘူး၊ မှားသူက နှမပေးတမ်း၊ ကဲ . . . ပြိုင်ရဲရဲ့လား"

ထိုအခါ ယောအတွင်းဝန် ဦးဘိုးလှိုင်က ဝပ်တွားခယ ရိုးကျိုးစွာသောအသံဖြင့် ပြန်လည်လျှောက်ထားသည်မှာ . . .

"တပည့်တော် စိတ်ပါလို့ လျှောက်ခြင်းမဟုတ်ရပါ၊ သာသနာပိုင် မြှောက်ရန် ပုဂ္ဂိုလ်ကို ရွေးချယ်ရန်အတွက် သာသနာနှင့်ပတ်သက်လာလျှင် အထိပါး၊ အစော်ကား မခံနိုင်သော သာသနာ့အာဇာနည် သံဃာတော်ကိုသိလို၍ စိတ်ခာတ်စမ်းသပ်ခြင်း ဖြစ်ပါသည်။ အရှင်ဘုရားသည် သာသနာပိုင်ရာထူးနှင့် ထိုက်တန်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါတော့သည်ဘုရား"

မင်းတုန်းမင်းတရားကြီးသည် ဦးဘိုးလှိုင်၏အကြံဉာဏ် ပရိယာယ်ကောင်းလှပုံကို အထူးနှစ်သက် ချီးမွမ်းတော်မူပြီး ယောအတွင်းဝန် ရွေးချယ်သော ဆရာတော် ဦးဥေယျကို သာသနာပိုင် ဆရာတော်ကြီးအဖြစ် တင်မြှောက်ခဲ့ပေတော့၏။

❐

mgyoe.com

mgyoe.com


## (၄)
## သူ့ထက်သူလူစွမ်းကောင်း

ရှေးသရောအခါက တိုင်းပြည်တစ်ပြည်တွင် ဆေးဆရာများသာ နေထိုင်သော ရွာတစ်ရွာရှိခဲ့သည်။ ထိုတိုင်းပြည်တွင် ဘုရင်တစ်ပါး၏ လက်စွဲသမားတော်ကြီး အနိစ္စရောက်သွားခဲ့သဖြင့် လစ်လပ်သွားသော နေရာ၌ သမားတော်ကြီးခန့်ထားရန် ဆေးဆရာများကို ရွေးကောက်ပွဲ တစ်ရပ် ပြုလုပ်လေသည်။

ထိုရွေးကောက်ပွဲမှာ ကန့်သတ်ထားသောနေ့၏ ညတစ်ညတွင် ဆေးဆရာအိမ်တိုင်းသည် မိမိကုစ၍သေဖူးသည့် လူအရေအတွက်အား မီးခွက်ထွန်းရမည်ဟု မောင်းကြေးနင်းခတ် ကြေညာလေသည်။

ရွေးကောက်ပွဲဝင်ရန် ညတွင် ဆေးဆရာအိမ်များသည် မိမိကုစ၍ သေဖူးသော အရေအတွက်ကို မီးခွက်ထွန်းထားကြသည်။ ဘုရင်မင်း ကြီးတိုင်းခန်း လှည့်လည်ကြည့်ရှုရာ မီးခွက်များသည် တစ်အိမ်လျှင်

mgyoe.com

mgyoe.com


၅၀၊ ၆၀၊ ၉၀၊ ၁၀၀ စသဖြင့် ထွန်းညှိထားခြင်းအားတွေ့လျှင် စိတ်မချမ်းမသာ ဖြစ်ရလေသည်။

သို့ရာတွင် လမ်းတစ်ခုထဲသို့ ဝင်ရောက်စစ်ဆေးရာ အိမ်တစ်အိမ်၌ မီးခွက်သုံးခုသာ ထွန်းညှိထားခြင်းအား တွေ့ရသဖြင့် ဤသမားတော်သည် ဆေးစွမ်းထက်သောသူဖြစ်လိမ့်မည်ဟု တွေးပြီး အားရဝမ်းသာစွာ အိမ်ရှင်သမားတော်ကိုခေါ်၍ မေးမြန်းတော်မူခဲ့လေသည်။

"အသင်ဆေးဆရာ၊ ငါကိုယ်တော်မြတ် တစ်လမ်းဝင်၊ တစ်လမ်းထွက်ဖြင့် ဆေးဆရာတို့၏ အစွမ်းထက်မြက်ကုသမှုကို စစ်ဆေးကြည့်ရာ ဆေးဆရာတို့ ဆေးကုသ၍ သေသူ ၅၀ အောက် မလျော့ခြင်းအား တွေ့ခဲ့ရသည်။ သင့်အိမ်ကျမှ သင်ကုသ၍ သေဆုံးသူမှာ သုံးဦးသာ ရှိကြောင်း မီးခွက်ထွန်းထားသည်ကို တွေ့ရ၏။ ထို့ကြောင့် သင်ကုသသော လူနာမည်မျှ ရောဂါပျောက်ကင်း ကျန်းမာခြင်း ရှိပါသလော"

"အရှင်မင်းကြီး၊ အခြားဆေးဆရာများအိမ်၌ မီးခွက် ၅၀၊ ၁၀၀ ထွန်းထားကြခြင်းမှာ လူ ၁၀၀၊ ၂၀၀ ကု၍ ၅၀၊ ၁၀၀ လောက်သာ သေသည့်အတွက် ဖြစ်ပါသည်ဘုရား"

ဆေးဆရာသည် စကားကိုမဆက် ဆိတ်ဆိတ်နေသဖြင့် ဘုရင်မင်းကြီးက အားတက်သရော ဆက်၍ မေးလိုက်ပြန်ပါသည်။

"ဒါဆို . . . အသင်ကတော့ လူနာ ၁၀၀၊ ၂၀၀ ကုသပြီး သုံးယောက်သာ သေလို့ မီးခွက်သုံးခွက်သာ ထွန်းထားခြင်းလော"

"မှန်လှပါဘုရား၊ ကျွန်တော်မျိုးက မီးခွက်သုံးခွက်ထဲ ထွန်းထားရခြင်းမှာ ကျွန်တော်မျိုး ဆေးသက်တမ်းတစ်လျှောက်ကုရသော လူနာသည် လူသုံးယောက်သာကုသရပြီး သုံးယောက်စလုံးသေခဲ့သဖြင့် မီးခွက်သုံးခွက်မျှသာ ထွန်းနိုင်ခြင်းဖြစ်ရပါသည်ဘုရား"

ဆေးဆရာစကားကို ကြားလိုက်ရသော ဘုရင်မင်းကြီးသည်

mgyoe.com

mgyoe.com


"အင်း . . . သူ့ထက်သူ ပိုလို့ဆိုးနေပါပေါ့ကလား၊ မင်းကြီးများရဲ့"
ဟု ညည်းညည်းညူညူပြုကာ စိတ်ပျက်လှစွာ နန်းတော်အတွင်းသို့
ပြန်လည်ကြွမြန်းလေတော့၏။

❐

mgyoe.com

mgyoe.com


(၅)
# ဘုရင့်ယောက်ဖဖြတ်ထုံး

ရှေးသရောအခါက ဘုရင်တစ်ပါးသည် မောင်းမတစ်ယောက်ကို တော်ကောက်လေရာ ထိုမိန်းမ၏ဆွေမျိုးများမှာ ထိုက်တန်သော ရာထူး ကိုယ်စီဖြင့် သူကောင်းပြုခြင်းခံကြရလေသည်။

ထိုသူကောင်းမြှောက်ခံရသော ဆွေမျိုးများထဲမှ တော်ကောက်ခံရသော မောင်းမ၏ မောင်တစ်ယောက်မှာ စာမတတ်၊ ပေမတတ်၊ အသိဉာဏ်နည်းပါးခဲ့သူဖြစ်သော်လည်း ခုံမင်းရာထူးခန့်အပ်ခြင်း ခံခဲ့ရသည်။ မတန်မရာ ခုံမင်းအဆင့်သို့ရယူထားသော မောင်းမ၏ မောင်သည် ခုံရုံးသို့ ဦးတိုက်လာရောက်စွဲဆိုသော အမှုမှန်သမျှ တရားလို၊ တရားခံ၊ သက်သေများအား စစ်ဆေးပြီးတိုင်း "ကိုယ့်စရိတ် ကိုယ်ခံပြန်ကြ" ဟုသာ ဆုံးဖြတ်လေ့ရှိခဲ့သည်။

တစ်နေ့သောအခါ ယောကျာ်းတစ်ယောက်နှင့် မိန်းမတစ်ယောက်

mgyoe.com

mgyoe.com


တို့ ရန်ဖြစ်ကြလေသည်။ ထိုအခါ မိန်းမဖြစ်သူက ထဘီကိုချွတ်ပြီး တစ်ဖက်ယောကျ်ားအား မတော်တရော် လုပ်ပြရုံမက ကြမ်းတမ်းစွာ တိုင်းထွာဆဲ ဆိုခဲ့ပေသည်။ နောက်ဆုံး တစ်ဖက်ယောကျ်ားက ကြမ်းတမ်းသော မိန်းမနှင့် မယှဉ်ပြိုင်တော့ဘဲ ဘုရင့်ယောက်ဖခုံရုံးသို့ အမှုစွဲဆိုတိုင်ကြားခဲ့လေ၏။

ခုံမင်းကလည်း တရားလို၊ တရားခံ၊ သက်သေများကို စစ်မေးရာ သက်သေများကလည်း တရားခံမသည် လွန်လွန်ကျူးကျူး ပြစ်မှားဆဲဆိုကြောင်း ထွက်ဆိုခဲ့ကြသည်။ တရားခံမကလည်း ဒေါသအလျောက် ပြုမူဆဲဆိုမိကြောင်း ဝန်ခံသည်။ ထိုအခါ ခုံမင်းကလည်း ထုံးစံအတိုင်း "ကိုယ့်စရိတ်ကိုယ်ခံ ပြန်ကြ" ဟု ဆုံးဖြတ်မြဲအတိုင်း ဆုံးဖြတ်ပေးလိုက်ရာ တရားခံမမှာ ဝမ်းသာအားရပြန်သွားခဲ့သော်လည်း တရားလိုယောကျ်ားက မကျေနပ်၍ ခုံမင်းကို ထပ်မံလျှောက်ထားရန် ခုံမင်းရုံးအားလပ်ချိန်အထိ ရုံးခန်းအပေါက်ဝမှ စောင့်ဆိုင်းနေခဲ့လေ၏။

ဘုရင့်ယောက်ဖ ခုံမင်းကလည်း ပြုဖွယ်အမှုကိစ္စများပြီးသဖြင့် ရုံးဆင်းရန် အခန်းပေါက်ဝအရောက်တွင် တရားလိုယောကျ်ားကို မြင်လိုက်သောကြောင့် "ဟဲ့ကောင် နင်ခုထိတောင် မပြန်သေးဘူးလား" ဟု ငေါက်ငမ်းမေးမြန်းခဲ့လေသည်။ ထိုအခါ တရားလိုယောကျ်ားကလည်း သူ၏မကျေနပ်ချက်ကို တင်ပြလျှောက်ထားခဲ့ပေသည်။

"ကျွန်တော်မျိုးကဲ့သို့သော အတောင် ၂၀ ပတ် မင်းယောကျ်ားကို ၃ တောင်ဝတ် မိန်းမသားက ရိုင်းပျစော်ကားသည့်အတွက် မခံမရပ်နိုင်၍ တရားစွဲဆိုပါသည်။ မျက်မြင်သက်သေများအားလုံးက ဖြစ်ရပ်အမှန်ကို ဖွင့်ဟခဲ့ကြသလို တရားခံမ ကိုယ်တိုင်ကလည်း သူလွန်ကြောင်း ဝန်ခံခဲ့ကြသည်ကို ခုံမင်းအကြားပင်ဖြစ်ပါလျက် ကိုယ့် စရိတ်ကိုယ်ခံ ပြန်ကြ ဟု ဆုံးဖြတ်ခဲ့ခြင်းအား မကျေနပ်၍ မပြန်နိုင်သေးကြောင်းပါ ဘုရား"

mgyoe.com

mgyoe.com


တရားလိုယောကျ်ား၏အဖြေစကားကို ကြားလျှင် ဘုရင့်ယောက်ဖ ခုံမင်းသည် ထပ်မံ၍ အောက်ပါအဆုံးအဖြတ်စကားဖြင့် နိဂုံးသတ် လိုက်ပုံကား . . .

"ဟယ် . . . သူများတွေမှာ ချောင်းတောင်ကြည့်ရသေးသည်၊ နင်ဟာ တယ်မိုက်တဲ့ အကောင်ပါကလား" ဟူသတည်း။

❐

mgyoe.com

mgyoe.com


## (၆)
## မေတ္တာစစ် မေတ္တာမှန်

ရှေးအခါက မင်းကျင့်တရားနှင့်အညီ အုပ်စိုးသော ဘုရင်ကြီး တစ်ပါး ရှိလေသည်။

တစ်နေ့သောအခါ ဘုရင်ကြီးသည် မကျန်းမာတော်မူ၍ တိုင်းရေး ပြည်ရေးနှင့် လူမှုရေးရာ အထွေထွေတို့ကို ပညာရှိအမတ်ကြီးအား ခေတ္တ လွှဲပြောင်း အုပ်ချုပ်စေခဲ့သည်။

ပညာရှိ အမတ်ကြီးကို ကျန်အမတ်ကြီးများနှင့် မင်းမြှောင်များက မနာလိုကြဘဲ ဘုရင်ကြီးအား အနီးကပ် ကုန်းချောရန် အခွင့်ကောင်း စောင့်ဆိုင်းနေခဲ့ကြလေသည်။ တစ်နေ့သော် ပညာရှိအမတ်ကြီးသည် တိုင်းရေးပြည်ရာအမှုကိစ္စတို့ကို ပြည်တွင်းသို့ လှည့်လည်စုံစမ်းလေသော် တိုင်းသူပြည်သား လူဆင်းရဲများသည် မိမိတို့၏ စားရေး သောက်ရေး ကျပ်တည်းခဲ့ကြသဖြင့် အချိန်နှင့်အမျှ ငွေရရှိရေးအတွက် အလုပ်ခွင်၌သာ

mgyoe.com

mgyoe.com


နစ်မြောနေခဲ့ကြရသည်။ ထိုကြောင့် ဘုရင်ကြီး မကျန်းမာနေခြင်းကို သတိမရ၊ ဆုတောင်းမေတ္တာပင် မပို့နိုင်ကြဘဲဖြစ်နေသည်အား ပညာရှိ အမတ်ကြီး မြင်တွေ့ရသော် သနားကရုဏာသက်ပြီး ပြန်ခဲ့လေ၏။

မကြာမီ ပညာရှိအမတ်ကြီးသည် တိုင်းသူပြည်သား လူဆင်းရဲ များကို ခေါ်၍ အတိုးအရှိ ငွေများချေးငှားလေသည်။ ဆင်းရဲသားများက လည်း ချေးငွေကို မည်သို့ပြန်ဆပ်ရမည်ကို မေးမြန်းခဲ့ကြသည်။ အမတ် ကြီးကလည်း ပြည့်ရှင်မင်းကြီး နတ်ရွာစံလျှင် ဆပ်ကြရမည်ဟု ဆိုခဲ့ သည်။ ထိုသတင်းသည် တစ်ယောက်ကစ၍ ဆင့်ကဲဆင့်ကဲပြောသံကို မလိုသူ အမတ်တို့ ကြားသိခဲ့ရာ ဘုရင်ကြီးထံ တိုင်တန်းဖမ်းဆီးရန် တိုက်တွန်းခဲ့ကြသည်။ ဘုရင့်အမိန့်ဖြင့် ပညာရှိအမတ်ကြီးကို ဖမ်း၍ ရှေ့တော်သို့သွင်းကြသည်။ ထိုအခါ ဘုရင်ကြီးက ပညာရှိ အမတ်ကြီးကို မေးမြန်းတော်မူ၏။

"ပညာရှိအမတ်ကြီး . . . သင်သည် ဆင်းရဲသားများကို ငွေချေးပြီး အဘယ်အကြောင်းကြောင့် ငါသေမှဆပ်ရန် ပြောကြားရပါသနည်း။ ဘယ်ကဲ့သို့ သေစေလို၍ ဤသို့ ပြောကြားရခြင်းအား အမှန်အတိုင်း လျှောက်ထားစေ"

"အရှင်မင်းကြီး . . . ကျွန်တော်မျိုး ချေးသော ငွေကြေးမှာ ဘုရင်ကြီး မမာမကျန်းဖြစ်နေသည်ကို သက်တော်ရာကျော်ရှည်ပါစေရန် ရည်စူး၍ ဆင်းရဲသားများအား ချေးခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ ဆင်းရဲသားများအား ငွေကြေးများ ချေးလိုက်သဖြင့် ပြန်လည်ပေးဆပ် ရန် ခက်ခဲလှသောကြောင့် ဘုရင်ကြီး နတ်ရွာမစံစေရန်သာ နေ့စဉ် ဆုတောင်းမေတ္တာပို့ကြမည်ဖြစ်ပါသည်ဘုရား"

ဟု ပညာရှိအမတ်ကြီး တင်လျှောက်ခဲ့သော ဆိုလိုရင်း အဓိပ္ပာယ် ကို ဘုရင်ကြီး နားလည်သဘောပေါက်သွားသဖြင့် ဝမ်းမြောက်ဝမ်းသာ

mgyoe.com

mgyoe.com


ဖြစ်သွားသည်။ ပြီးလျှင် . . .

"ဤကဲ့သို့ ငါ့အား ကောင်းမြတ်သော စေတနာ မေတ္တာနှင့် ဆင်းရဲသားများကို ချေးငှားသည့် ငွေအား ထပ်လောင်း၍ အသုံးပြုနိုင်ရန် ငွေတိုက်တော်မှ အမတ်ကြီးအလိုရှိသရွေ့ ထုတ်ယူချေးငှားနိုင်ကြောင်း ငါခွင့်ပြုတော်မူ၏" ဟု မိန့်ကြားတော်မူခဲ့လေသတည်း။

❐

mgyoe.com

mgyoe.com


# (၇)
# အကြိုက်မတွေ့သေးလို့ပါ

ရှေးအခါက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး စိုးစံလျက်ရှိ၏။ ထိုဘုရင်ကြီး၌ ကြောင်လိမ္မာလေးတစ်ကောင်သည် မင်းကြီးအနားတွင် အစဉ်အမြဲ အနီးကပ် နေထိုင်လျက် ရှိ၏။

ဘုရင်ကြီး ပွဲတော်တည်သောအခါ ကြောင်လိမ္မာလေးသည် အနီးကပ် နေထိုင်ခဲ့သော်လည်း အစာတောင်းခြင်း၊ လှမ်းမျှော်ကြည့်ခြင်း အလျဉ်းမရှိခဲ့ပေ။ ထို့ကြောင့် ပွဲတော်အုပ် အမြဲတည်ခင်းပေးရသော အမတ်ကြီးကို သူ၏ကြောင်သည် အလွန်လိမ္မာကြောင်း ချီးမွမ်းခန်း အမြဲဖွင့်တတ်၏။

"အမတ်ကြီး . . . ငါကိုယ်တော်မြတ် မွေးထားတဲ့ ကြောင်ကလေးသည် သိပ်လိမ္မာလှ၏။ ပွဲတော်အုပ် ဖွင့်တိုင်း ဖွင့်တိုင်း စားချင်စရာကြက်၊ ဘဲ၊ ဝက် ဟင်းပေါင်းစုံကို နှိုက်စားဖို့နေနေသာသာ နမ်းတောင်မှ မကြည့်ဘူး၊ ဒီလိုလိမ္မာတဲ့ကြောင်မျိုး ဒီကမ္ဘာမှာ ရှိမယ်တောင် မထင်ဘူး"

mgyoe.com

mgyoe.com


ဘုရင်ကြီးသည် သူ့ကြောင်ချီးမွမ်းခန်းကို ပွဲတော်အုပ်ဖွင့်တိုင်း အမြဲမိန့်ကြားတတ်လေ့ရှိရာ ကြာလေတော့ နားကြားပြင်းကတ်စွာ ပြန်လျှောက်ထားလိုက်သည်။

"အရှင်မင်းကြီး၏ ကြောင်သည် အကြိုက်မတွေ့သေးလို့ပါ၊ အကြိုက်တွေ့တဲ့အခါ စောင့်ကြည့်တော်မူပါ"

ပညာရှိအမတ်ကြီး၏ စကားသည် ဘုရင်ကြီး စားတော်တည်တိုင်း ထူးခြားမှုမရှိ၍ ကြောင်ချီးမွမ်းခန်းကို ပို၍ နားငြီးလှအောင် အမတ်ကြီး ခမျာ နာခံနေရသဖြင့် တစ်နေ့တွင် စားတော်ကဲနှင့် တိုးတိုးတိတ်တိတ် တိုင်ပင် ခဲ့ရလေသည်။

ဤသို့ဖြင့် ပွဲတော်အုပ်ကို စီစဉ်မွမ်းမံကာ ဘုရင်ကြီးထံအပို့လွှတ်စေခဲ့သည်။ မင်းကြီးလည်း ပွဲတော်အုပ်တည်ရန် ပြင်ဆင်ရင်း အမတ်ကြီးအနားရှိ ကြောင်လိမ္မာ ချီးမွမ်းခန်း ဖွင့်ခဲ့ပြန်သည်။ အမတ်ကြီးကလည်း ထုံးစံအတိုင်းပင် "အကြိုက်မတွေ့သေးလို့ပါ" ဟူသော အကြည့်ဖြင့် ခပ်မဆိတ်နေခဲ့သည်။ မင်းကြီးလည်း စားတော်ခေါ်ရန် ပွဲတော်အုပ်ကို ဖွင့်လိုက်ရာ ကြောင်လိမ္မာသည် ပွဲတော်အုပ်ထဲမှ ခုန်၍ ပြေးထွက်လာသော ကြွက်ကို ခုန်၍အုပ်လိုက်သောကြောင့် ပွဲတော်တစ်ခုလုံး ရစရာမရှိလောက်အောင် မှောက်ကုန်လေတော့၏။ ဘုရင်မင်းကြီးလည်း ထိတ်လန့်၍သွားစဉ် အမတ်ကြီးက ပြုံးရင်း လျှောက်ထားလိုက်သည်ကား . . .

"အရှင်မင်းကြီးပြောတဲ့ ကြောင်လိမ္မာက အကြိုက်မတွေ့သေးရင်သာ ငြိမ်နေတာပါ။ သူ့အကြိုက်တွေ့တော့ ခုလို ဝမ်းသာလုံးဆို့သွားတာပေါ့ ဘုရား"

ဟု လျှောက်တင်လိုက်လေသည်။ ထိုအချိန်မှစ၍ ကြောင်လိမ္မာ ချီးမွမ်းခန်းလည်း ဘုရင်ကြီးထံမှ မကြားရတော့ပေ။

□

mgyoe.com

mgyoe.com


## (၈)
## ကဗျာစပ်တာများ ခက်လွှန်လွှန်းလို့

မင်းနေပြည်တော်၌ ကဗျာဆရာတစ်ယောက်သည် ကဗျာလင်္ကာ စီကုံးဖွဲ့နွဲ့မှု တော်လွန်းလှ၍ ဘုရင်ကြီး၏ ချီးမြှင့်မြှောက်စား ရာထူးများ ရရှိခဲ့လေသည်။

ထိုသို့ ကဗျာဆရာတစ်ယောက်ကို သူကောင်းပြု မြှောက်စားခြင်း ကို အမတ်ကြီးတစ်ဦးက "ကဗျာစပ်တာများ ခက်လွှန်လွှန်းလို့" ဟု ခနဲ့မိလေသည်။ ထိုစကားသံကို ဘုရင့်ရွှေနားတော်ထိတိုင် ပေါက်ကြား သွားလေတော့၏။

ဘုရင်မင်းမြတ်သည် အမတ်ကြီးကို ရယ်သွမ်းသွေးလိုလှသဖြင့် . . .

"အမတ်ကြီး ကဗျာစပ် ကျွမ်းကျင်ကြောင်း ငါကြား၍ မနက်ဖြန် ညီလာခံတွင် ကိုယ့်အစွမ်းဖြင့် ရေး၍ ကိုယ်တိုင်ဖတ်ပြရမည်။ မရေးသား နိုင်က ရွှေဓားနှင့် ကွပ်မျက်တော်မူမည်"

mgyoe.com

mgyoe.com


ဟု အမိန့်တော် မှတ်လေ၏။

အမတ်ကြီးလည်း ညီလာခံမှ ပြန်လာကတည်းက မည်သူ့ကိုမျှ စကားမဆို။ ပေရွက်နှင့် ကညစ်ကိုင်ကာ မစားနိုင်မသောက်နိုင် တမှိုင်မှိုင် တတွေတွေ ငိုင်နေသည့်အတွက် အမတ်ကြီးကတော်မှ တိုးတိုးတိတ်တိတ်ကျိတ်၍ မေးလေသည်။

"ဒီနေ့ အမတ်မင်း မှိုင်ချက် တယ်ထူးလှပါကလား၊ အကြောင်းထူးရှိလို့ ဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲ"

"မှိုင်ဆိုကွယ်၊ မနက်ဖြန် ညီလာခံအမီ ကဗျာတစ်ပုဒ် စပ်ခဲ့ဖို့ မင်းကြီးက အမိန့်ချမှတ်လိုက်တယ်။ မစပ်ပေးနိုင်ရင်တော့ အသတ်ခံရတော့မယ်ကွဲ့"

"ဩော် . . . ဘာများလဲလို့မောင်ရယ်၊ ကဗျာကလေးတစ်ပုဒ်ဟာ ဘာခဲယဉ်းတာမှတ်လို့၊ ကိုယ်ကြားတာ၊ မြင်တာတွေ လျှောက်ရေးလိုက်ရင် ပြီးတာပဲဥစ္စာ"

အမတ်ကြီး၏ အားငယ်စကားကို အမတ်ကြီးကတော်က အထက်ပါအတိုင်း အားပေးစကားဆိုခဲ့သဖြင့် "ဟုတ်ပေသားပဲ၊ ငါ အ လိုက်တာ၊ ကြားတာမြင်တာ ရေးလည်း ကဗျာဖြစ်တာပဲ" ဟူသော အသိဉာဏ်ပေါ်လာခဲ့ပေသည်။ ထို့ကြောင့် အမတ်ကြီးသည် ကဗျာစစပ်ရန် ညဦးမှ သန်းခေါင်ယံထိတိုင် အချိန်ကုန်လာခဲ့၏။ ကဗျာအစ တစ်လုံးမျှမရသေး။

သန်းခေါင်ယံမှ လင်းရောင်ခြည် ဝင်းပြောင်ချိန်ထိတောင် သေရေးရှင်ရေးကြောင့် တစ်မှေးမှ မအိပ်နိုင်ဖြစ်နေသော အမတ်ကြီးမှာ လင်းကြက်တွန်ကျူးသံ ကြားလိုက်ရပြန်သဖြင့် ကဗျာနှစ်လုံး ပြည့်သွားလေ၏။

ကဗျာနှစ်လုံးတည်းဖြင့် မိုးလင်းသွားတော့ရာ တစ်ပိုင်းတစ်စနှင့် ပေရွက်ကိုကိုင်ပြီး ညီလာခံသို့ ထွက်လာခဲ့လေသည်။ ကဗျာတစ်လုံးစ

mgyoe.com

mgyoe.com


နှစ်လုံးစရလိမ့်နိုးဖြင့် တောင်ကြည့် မြောက်ကြည့်နှင့် လမ်းမပေါ်တွင် ရပ်ကြီးသူ ဗျာဆံဝိုက်ကလေးများကို တွေ့မြင်ရပြန်တော့ ကဗျာအတွက် စာသုံးလုံးပြည့်ခဲ့လေသည်။ နောက်ဆက်၍ စူးစမ်းရင်း ညီလာခံဘက် လျှောက်လှမ်းလာခဲ့ရာ ဈေးသည်များ ချဉ်ပေါင်ရွက်ကို ခေါင်းပေါ်တင် ရွက်လာကြသည်ကို မြင်သဖြင့် စာလေးလုံး ပြည့်သွားပြန်ကာ နန်းတော်ဝင်ခါနီးတွင် ခွေးနှစ်ကောင်ကိုက်နေခြင်းကို မြင်မှကဗျာအဆုံးသတ်နိုင်လျက် ညီလာခံတွင် ကဗျာကို မိမိကိုယ်တိုင် အသံနေ အသံထားဖြင့် အောက်ပါအတိုင်း ရွတ်ပြလေ၏။

"လင်းကြက်ကဆော်၊ စည်တော်က ရိုက်တီး၊ ရပ်ကြီးသူ ဗျာဆံဝိုက်ကယ်နှင့်၊ ရွှေချဉ်ပေါင်ခေါင်းမှာ ရွက်တယ်ကွယ်၊ ခွေးနှစ်ကောင် က ကိုက်"

အမတ်ကြီး၏ အဆီအငေါ်မတည့်သောကဗျာ ဆုံးလျှင်ဆုံးချင်း ဘုရင်မင်းကြီးနှင့်တကွ ညီလာခံရှိ လူအားလုံးမှာ ဣန္ဒြေမဆည်နိုင်ကြဘဲ ရယ်မောမိလေတော့၏။

❐

mgyoe.com

mgyoe.com


## (၉)
## “လာပြီကွဲ့ လူမိုက်”

တိုင်းပြည်တစ်ပြည်၌ ဘုရင်တစ်ပါးသည် ညီလာခံသဘင် ဆင်ယင်ကျင်းပ၍ တိုင်းရေးပြည်ရာဆွေးနွေးတိုင်ပင်ကာ ညီလာခံသဘင် ရုပ်စဲပြီးနောက်တွင် မှူးကြီးမတ်ရာ သေနာပတိများသည် မိမိတို့ဆိုင်ရာနေရာများသို့ ပြန်သွားခဲ့ကြလေ၏။

ညီလာခံသဘင်တွင် နောက်ဆုံးကျန်ရစ်ခဲ့သူက ဘုရင်ကြီးတစ်ပါးတည်းသာ။ ရှင်ဘုရင်ကြီးသည် ရှင်ဘုရင်တို့၏ ဓလေ့အတိုင်း အဆောင်တော်နှင့်တကွ နန်းတော်ကြီးကို လိုက်၍ကြည့်ရှုနေခိုက် အဆောင်တစ်ဆောင်၏ ထောင့်တစ်ထောင့်၌ လူပျိုတော်သားတစ်ယောက်နှင့် အပျိုတော် မောင်းမတစ်ယောက်တို့ နှစ်ကိုယ်ကြား ချစ်တင်းစကားဆိုနေခြင်းကို ပက်ပင်းတွေ့လိုက်လေတော့သည်။ ရုတ်တရက် သူတို့နှစ်ဦးသားအနားသို့ အမှုမဲ့ အမှတ်မဲ့ ရောက်သွားခဲ့ရသော ရှင်ဘုရင်ကြီးကို

mgyoe.com